# မွန်ဂိုလီးယားနိုင်ငံ ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန တို့အကြား ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ နားလည်မှုစာချွန်လွှာ

မွန်ဂိုလီးယားနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန (အဆိုပါဝန်ကြီးဌာနများအား တစ်ခုချင်းအနေဖြင့် “Party” အဖြစ်လည်းကောင်း၊ နှစ်ခုကို စုပေါင်း၍ “Parties” ဟူ၍လည်းကောင်း သုံးစွဲပါမည်။)

သံတမန် ဆက်ဆံရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် ၁၉၆၁ ခုနှစ် ဗီယင်နာ ကွန်ဗင်းရှင်းတို့၌ ပြဋ္ဌာန်းထားသော နိုင်ငံများ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု တန်းတူညီမျှရှိရေး စည်းမျဉ်းဥပဒေများအရ-

မွန်ဂိုလီးယားနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မြဲရေးအတွက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်း ဆောင်ရွက်မှု၏ အရေးပါမှုကို အလေးထားရန်၊

နှစ်နိုင်ငံအကြား၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းမှု ရှိစေရန်အတွက် အမြင်များဖလှယ်ခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ပုံမှန်ပြုလုပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန် နှစ်နိုင်ငံအကြား ယန္တရားတစ်ရပ် တည်ထောင်ရေးအတွက် လိုအပ် သည်များကို ဆက်လက်လုပ်ဆောင်သွားရန်၊

ထိုကဲ့သို့သော နှစ်နိုင်ငံအကြား ယန္တရားတစ်ရပ် တည်ထောင်ခြင်းသည် အပြန်အလှန် ယုံကြည်မှု နှင့် နားလည်မှုပိုမိုနက်ရှိုင်းစေရန်၊ အခွင့်အလမ်းများ ပိုမိုရှာဖွေနိုင်ရန်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အဆင့်မြှင့်တင်နိုင်ရန် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

အောက်ပါသဘောတူညီမှုများကို ရရှိခဲ့ကြပါသည်-

## အပိုဒ် ၁

## ရည်ရွယ်ချက်

နားလည်မှု စာချွန်လွှာ ရေးထိုးရခြင်း၏ ရည်ရွယ်ချက်မှာ ပူးတွဲအစီအစဉ်များနှင့် လှုပ်ရှားမှုများအား အကောင်အထည်ဖော်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စရပ်များကို သံတမန်နည်းလမ်းများအရ နှစ်နိုင်ငံ သဘောတူဖြေရှင်းမှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။

ГАДААД ХАРИЛЦААНЫ ТӨВ АРХИВ

## အပိုဒ် ၂

## အဆင့်အတန်းနှင့် အခန်းကဏ္ဍ

နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများသည် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေး၊ အခြားသောပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များနှင့် နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံတကာကိစ္စရပ်များအပါအဝင် ကဏ္ဍပေါင်းစုံ၌ အလုံးစုံပူးပေါင်း ဆောင်ရွက်မှု တိုးမြင့်လာစေရန်နှင့် ပိုမိုခိုင်မာစေရန် ဒုတိယဝန်ကြီးအဆင့် ပုံမှန်ဆွေးနွေး ညှိနှိုင်းပွဲများ ကျင်းပသွားရန် ဖြစ်ပါသည်။

## အပိုဒ် ၃

## ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်

(၁) ဆွေးနွေးညှိနှိုင်းပွဲများတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများသည် နိုင်ငံတကာနှင့် နှစ်နိုင်ငံအကြား ကိစ္စရပ်များနှင့် တူညီသော ဘုံရပ်တည်ချက် ဖွံ့ဖြိုးတိုးတက်မှုရှိရန် အမြင်ချင်း ဖလှယ်ရန် ဖြစ်ပါသည်။

(၂) နှစ်နိုင်ငံလုံးရှိ သံတမန်များအတွက် သင်ရိုးညွှန်းတမ်းများ ဖလှယ်ခြင်းနှင့် သံတမန်ရေးရာ သင်တန်းများ ပြုလုပ်ပေးခြင်းအားဖြင့် ပညာရေးနှင့်လေ့ကျင့်ရေး နယ်ပယ်များတွင် ပူးပေါင်း ဆောင်ရွက်မှု မူဘောင်တစ်ရပ်ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ ပြုလုပ်သွားမည် ဖြစ်ပါသည်။

(၃) နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများသည် မိမိတို့၏ လုပ်ပိုင်ခွင့်အာဏာအတွင်း၌ နယ်ပယ်စုံနှင့် မတူညီသော အဆင့်ပေါင်းစုံတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမို တိုးတက်စေရန် နည်းလမ်းသစ်များ ရှာဖွေကြမည် ဖြစ်ပါသည်။

## အပိုဒ် ၄

## ညှိနှိုင်းအစည်းအဝေးများကျင်းပသည့် အကြိမ်အရေအတွက်နှင့်နေရာ

(၁) နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများသည် အူလန်ဘာတာနှင့် နေပြည်တော်တို့၌ တစ်လှည့်စီဖြစ်စေ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ များကဲ့သို့သော နိုင်ငံတကာ အစည်းအဝေးပွဲများနှင့် တစ်ဆက်တစ်စပ်တည်း နှစ်နိုင်ငံ အကြား ဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပရန် နေ့ရက်၊ နေရာနှင့် အစည်းအဝေး အစီအစဉ် များကို နှစ်ဖက်သဘောတူ ဆုံးဖြတ်မည် ဖြစ်ပါသည်။

ГАДААД ХАРИЛЦААНЫ ТӨВ АРХИВ

(၂) နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများသည် အစည်းအဝေးသို့ တက်ရောက်သူများ၏ အသွားအပြန်ခရီးစရိတ်နှင့် နေထိုင်ရေး ကုန်ကျစရိတ်များကို သက်ဆိုင်ရာ နိုင်ငံများမှ အသီးသီး ကျခံသွားမည်ဖြစ်ပါသည်။

(၃) အကယ်၍ ဆွေးနွေးညှိနှိုင်းပွဲများကို နေပြည်တော် (သို့မဟုတ်) အူလန်ဘာတာမြို့တွင် ကျင်းပပါက ကိစ္စရပ်အပေါ်မူတည်၍ နှစ်ဖက်သဘောတူညီချက်အရ ကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင်နှင့် သဘောတူထားသော ကိုယ်စားလှယ် အဖွဲ့ဝင်ဦးရေ၏ နေထိုင် စရိတ်၊ စားသောက်စရိတ်နှင့် ပြည်တွင်းသွားလာမှုစရိတ်များအပါအဝင် ပြည်တွင်း ကုန်ကျစရိတ် များကို အိမ်ရှင်နိုင်ငံမှ ကျခံသွားမည် ဖြစ်ပါသည်။

(၄) အကယ်၍ ဆွေးနွေးညှိနှိုင်းပွဲများအား နိုင်ငံတကာ အစည်းအဝေးများတွင် တစ်ဆက် တစ်စပ်တည်း ကျင်းပမည်ဆိုပါက အစည်းအဝေးကျင်းပရန် နေရာအတွက် ကုန်ကျ စရိတ်အပြင် အခြားသော ပါဝင်နိုင်ဖွယ်ရှိသည့် ကုန်ကျစရိတ်များ အပါအဝင် အစည်းအဝေး ကျင်းပရေး ကုန်ကျစရိတ်များကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများမှ အလှည့်ကျ ကျခံသွားမည်ဖြစ်ပါသည်။

(၅) နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများသည်ဘုံအကျိုးစီးပွားအတွက်အလေးပေးဆောင်ရွက် ရမည့် သီးခြားကိစ္စရပ်များကို ဆွေးနွေးရန် အကောင်အထည်ဖော် လုပ်ကိုင်သည့်အဖွဲ့ အဆင့် (သို့မဟုတ်) ကျွမ်းကျင်ပညာရှင်များအဆင့်အစည်းအဝေးတို့ကို ပြုလုပ်သွားမည် ဖြစ်ပါသည်။

## အပိုဒ် ၅

## မတူကွဲပြားမှုများကို ဖြေရှင်းခြင်း

ဤနားလည်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရေးနှင့် ဘာသာပြန်ဆိုရေးတို့နှင့် ပတ်သက်၍ မတူညီ ကွဲပြားမှုများ ဖြစ်ပေါ်လာပါက နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန များအကြား အခင်အမင်မပျက် ညှိနှိုင်းဆွေးနွေးမှုများဖြင့် ဖြေရှင်းသွားမည် ဖြစ်ပါသည်။

## အပိုဒ် ၆

## အခြေအနေအဆင့်အတန်း

ဤနားလည်မှုစာချွန်လွှာသည် ဥပဒေအရ ချည်နှောင်မှုများပြုလုပ်ရန် မရည်ရွယ်သည့် အပြင် နိုင်ငံတကာဥပဒေများအရ တရားဝင်အခွင့်အရေးများနှင့် တရားဝင် တာဝန်ယူမှုများ ကိုလည်း ဖန်တီးထားခြင်းမရှိပါ။ နှစ်နိုင်ငံအဖွဲ့ဝင်အဖြစ် ပါဝင်ထားသော နိုင်ငံတကာ စာချုပ်များပါ နိုင်ငံ အသီးသီး၏ အခွင့်အရေးနှင့် တာဝန်ယူမှုများအပေါ်တွင် သက်ရောက်မှု ရှိလိမ့်မည် မဟုတ်ပါ။

## အပိုဒ် ၇

### နောက်ဆုံး စီမံချက်

(၁) ဤနားလည်မှုစာချွန်လွှာသည် လက်မှတ်ရေးထိုးသည့်နေ့မှ စတင်၍ အသက်ဝင်ပြီး (၅)နှစ် သက်တမ်းရှိပါသည်။

(၂) ဤနားလည်မှုစာချွန်လွှာအား (၅)နှစ် သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍ စာချုပ်ရပ်ဆိုင်းရန်တစ်ဖက်ဖက်မှ စာဖြင့်ရေးသား အကြောင်းကြားခြင်းမရှိပါက ဤနားလည်မှုစာချွန်လွှာသည် အလိုအလျောက်နောက်ထပ်(၅)နှစ် သက်တမ်းတိုးမြှင့်သွားမည် ဖြစ်သည်။

(၃) ဤနားလည်မှု စာချွန်လွှာသည် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား သံတမန်စာဖြင့်ရေးသား၍ မည်သည့်အချိန်တွင်မဆို နှစ်ဦးသဘောတူ ပြင်ဆင်မှု ပြုလုပ်နိုင်သည်။

(၄) ဤနားလည်မှုစာချွန်လွှာအား မည်သည့်အချိန်တွင်မဆို ရပ်ဆိုင်းလိုပါက ရပ်ဆိုင်းလိုသည့်နေ့ရက်မတိုင်မီ (၆)လကြိုတင်ပြီး စာဖြင့်ရေးသား၍ အကြောင်းကြားရပါမည်။

ဤနားလည်မှုစာချွန်လွှာသည် ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် နေပြည်တော်၌ မွန်ဂို/မြန်မာ/အင်္ဂလိပ် သုံးဘာသာဖြင့် လက်မှတ်ရေးထိုးသည်။ အကယ်၍ တစ်စုံတစ်ရာ ကွဲပြားခြားနားမှု ရှိပါက အင်္ဂလိပ် စာသားကို အတည်ပြုမည်။

မွန်ဂိုလီးယားနိုင်ငံ
နိုင်ငံခြားရေးဝန်ကြီးဌာန (ကိုယ်စား)

..............................

ချူလွန်ဘာရာမွန်
ညွှန်ကြားရေးမှူးချုပ်
အာရှနှင့်ပစိဖိတ်ရေးရာဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံခြားရေးဝန်ကြီးဌာန (ကိုယ်စား)

..............................

စံလွင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံရေးရာဦးစီးဌာန

ГАДААД ХАРИЛЦААНЫ ТӨВ АРХИВ